FNI

# အဝေးပြေးလမ်းမကြီးများဆိုင်ရာအထူးခရီးသွားအာမခံ

အဝေးပြေးအမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များအသုံးပြု၍ ခရီးသွားကြသောခရီးသည်များအတွက် ယာဉ်မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများအတွက် လျော်ကြေးအထောက်အပံ့ရရှိနိုင်သည့် အာမခံအမျိုး အစားဖြစ်ပါသည်။

**အာမခံထားငွေ** - (၁)ယူနစ်လျှင် ကျပ်သိန်း(၃၀) ( ၂ ယူနစ်အထိဝယ်ယူနိုင်ပါသည်။)

**အာမခံသက်တမ်း** - ခရီးစဉ်စတင်ချိန် မှ (၂၄) နာရီ

**အထူးခရီးသွားအာမခံထားခြင်းအားဖြင့် ရရှိနိုင်သောအကျိုးခံစားခွင့်များမှာ**

(၁) အာမခံထားငွေ(၁)ယူနစ်အတွက် ပရီမီယံကျပ်(၃၀၀)ပေးသွင်းထားသော ခရီးသည်တစ်ဦးသေဆုံးခြင်းဖြစ်ခဲ့လျှင် ၎င်း၏အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူထံသို့ ကျပ်သိန်း(၃၀) ပြန်လည်ထုတ်ပေးပါမည်။

(၂) ထိခိုက်ဒဏ်ရာရခြင်းအတွက် ဒဏ်ရာအခြေအနေပေါ်မူတည်၍ သတ်မှတ်ထားသော နှုန်းများအလိုက် အမြင့်ဆုံး (၂၄)သိန်းအထိ လျော်ကြေးခံစားခွင့် ရရှိပါမည်။

**အထူးခရီးသွားအာမခံထားရန်လိုအပ်ချက်များမှာ**

**အဝေးပြေးယာဉ်လိုင်းများ** - ယာဉ်အမှတ်၊ Seat Plan နှင့် လူဦးရေစာရင်း၊ အမည်စာရင်းနှင့် မှတ်ပုံတင်နံပါတ်များ၊ သွားရောက်မည့် ခရီးစဉ်နှင့်ထွက်ခွာချိန်

**ကိုယ်ပိုင်ယာဉ်များ** - ယာဉ်အမှတ်၊ လိုက်ပါမည့်သူစာရင်းနှင့် မှတ်ပုံတင်အမှတ်များ၊ အကျိုးခံစားခွင့်လွှဲအပ်ခြင်းခံရသူအမည်နှင့် မှတ်ပုံတင်အမှတ်၊ သွားရောက်မည့်ခရီးစဉ်နှင့် ထွက်ခွာချိန်

ခရီးစဉ်အစမှအဆုံးအထိ လိုက်ပါသောခရီးသည်များ ယာဉ်စီးနင်းလိုက်ပါစဉ် ယာဉ်ထိခိုက်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများအတွက်သာ လျော်ကြေးအထောက်အပံ့ရရှိပါမည်။

**လျော်ကြေးတောင်းခံရာတွင် လိုအပ်သောအချက်များ**

**ဒဏ်ရာရလျှင်**
- သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ထောက်ခံချက်
- ဖြစ်ပွားရာဒေသမှ ပြည်သူ့ရဲတပ်ဖွဲ့ထောက်ခံချက်
- တောင်းခံသူ (ကာယကံရှင်ကိုယ်တိုင်)၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူမှန်
- ခရီးသွားအာမခံထားရှိကြောင်းအထောက်အထား

**သေဆုံးလျှင်**
- သေစာရင်းမိတ္တူမှန်
- သေဆုံးသူနှင့်အကျိုးခံစားခွင့်တောင်းခံသူတို့ပါဝင်သည့် အိမ်ထောင်စုစာရင်းမိတ္တူမှန်
- တောင်းခံသူသည် သေဆုံးသူ၏ အကျိုးခံစားခွင့်ရှိသူမှန်ကန်ကြောင်း နေထိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း၏ထောက်ခံချက်

**အာမခံထားရှိလိုပါက**

FNI (General) ရုံးချုပ်နှင့် ရုံးခွဲများသို့လည်းကောင်း၊ ဆက်သွယ်၍ အာမခံထား ရှိနိုင်ပါသည်။

> အထက်ဖော်ပြပါ အကြောင်းအရာများမှာ အဝေးပြေးလမ်းမကြီးများဆိုင်ရာအထူးခရီးသွားအာမခံ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင် အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**ရုံးချုပ်**
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။